မြန်မာနိုင်ငံကြက်ခြေနီအသင်း

HR-HQ VA No. 149 – Security

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် မြန်မာနိုင်ငံတွင် သက်တမ်းအရှည်ကြာဆုံးနှင့် ဦးဆောင်ဦးရွက်ပြုနေသော လူမှုကရုဏာအဖွဲ့အစည်းဖြစ်ပြီး ဘေးအန္တရာယ်ကျရောက်လွယ်ဆုံးသူများ၏ ကျန်းမာရေးနှင့် ပိုမို ကောင်းမွန်သော ဘဝများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

လုံခြုံရေး

အရေအတွက်	:	(၂) ဦး
အစီရင်ခံတင်ပြမှု	:	အုပ်ချုပ်ရေးအရာရှိ
ဌာန	:	စီမံရေးရာဌာန
တာဝန်ကျရာနေရာ	:	နေပြည်တော်/ရန်ကုန်
အဆင့်	:	A-2
အကျိုးခံစားခွင့်များ	:	လစာ + အပိုထောက်ပံ့ကြေး + ရှောင်တခင်ခွင့်+ ကူးစက်ရောဂါကာကွယ်ခွင့် + လုပ်သက်ခွင့် + ဆေးလက်မှတ်ခံစားခွင့် + မီးဖွားခွင့် + နာရေးခွင့် + အစားထိုးနားရက်ခံစားခွင့် + မွေးကင်းစကလေးအား ပြုစုခွင့် + သွေးလှူရှင်ခွင့် + ခရီးသွားစားရိတ် + ကျန်းမာရေးအာမခံနှင့် စုပေါင်းအသက်အာမခံ + စွမ်းဆောင်ရည်မြင့် သင်တန်းများ
လျှောက်လွှာပိတ်ရက်	:	၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၆) ရက်၊ (၁၆:၃၀)နာရီ

စီမံချက် (သို့) ဌာနအကြောင်း မိတ်ဆက်အကျဉ်း

မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်ရှိ ဌာန(၁၃)ခုတွင် စီမံရေးရာဌာနသည် တစ်ခုအပါအဝင် ဖြစ်သည်။ စီမံရေးရာဌာနကို ဌာနစု (၂)ခု၊ ဌာနစိတ်(၈)ခုတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ဌာနစိတ်များမှာ ရုံးအဖွဲ့၊ စာကြည့်တိုက်၊ သန့်ရှင်းရေး၊ စားရိပ်သာ၊ မော်တော်ယာဉ်၊ အဆောက်အဦ၊ လုံခြုံရေး၊ ဥယျာဉ် ဌာနစိတ်တို့ဖြစ်ပြီး၊ လုပ်ငန်းများ စနစ်တကျရှိရေး၊ ဝန်ထမ်းများ အဆင်ပြေစွာ နေထိုင်၊ စားသောက်၊ သွားလာရေးတို့ကို စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

ရည်ရွယ်ချက်

လုံခြုံရေးသည် ရန်ကုန်ရုံးရှိ ရုံးပစ္စည်းများလုံခြုံရေး၊ ရုံးခန်းများလုံခြုံရေး၊ ရုံးပတ်ဝန်းကျင်လုံခြုံရေး၊ ရုံးဝန်ထမ်းများအဝင်အထွက် မှတ်တမ်းထားရှိရေး၊ အခြားဌာနမှ ဝန်ထမ်းများနှင့် ဧည့်သည်တော်များ

မှတ်တမ်းထားရှိရေး၊ ခတ္တာဆောင်လုံခြုံရေးနှင့် မီးဘေးအန္တရာယ်လုံခြုံရေးတို့ကို စီမံချက်ရေးဆွဲပြီး နေ့/ည မပြတ် စောင့်ကြပ်ပေးရမည် ဖြစ်ပါသည်။

တာဝန်နှင့်ဝတ္တရားများ

၁။ နေ့/ည အလှည့်ကျ လုံခြုံရေးတာဝန်ထမ်းဆောင်ရမည်။

၂။ ယာဉ်ဝင်/ထွက် စစ်ဆေးကြပ်မတ်၍ မှတ်တမ်းထားရှိရမည်။

၃။ ဝန်ထမ်း ဝင်/ထွက် ၊ ဧည့် ဝင်/ထွက် မှတ်တမ်းထားရှိပြီး စီမံရေးရာဌာန ညွှန်ကြားရေးမှူးထံ တင်ပြရမည်။

၄။ ပစ္စည်းလုံခြုံရေးအတွက် နေ့/ည တာဝန်ကျချိန်တွင် ရုံးခန်းများ၊ ပစ္စည်းသိုလှောင်ရုံများ၊ ယာဉ်များအား စစ်ဆေးရမည်။

၅။ မသင်္ကာဖွယ်ရာတွေ့ရှိပါက အထက်အဆင့်ဆင့်သို့အချိန်နှင့် တစ်ပြေးညီသတင်းပို့ရန်၊ လိုအပ်ပါက ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ရမည်။

၆။ အသင်း၏ သတင်းအချက်အလက် လုံခြုံမှုရှိစေရန်ဆောင်ရွက်ရမည်။

၇။ အခြားဌာနများ၊ အသင်းအဖွဲ့များမှ လက်ခံရရှိသည့် ဖုန်းသတင်းများကို သက်ဆိုင်သူထံသို့ အဆင့်ဆင့် အချိန်နှင့်တစ်ပြေးညီသတင်းပို့ရမည်။

၈။ အခြားဌာနများ၊ အသင်းအဖွဲ့များနှင့် ရုံးများမှ လက်ခံရရှိသည့် ဝင်စာများကို သက်ဆိုင်သူထံသို့ အချိန်နှင့် တပြေးညီ ပေးပို့ရမည်။

၉။ ရုံးပတ်ဝန်းကျင် ရုံးအပေါ်ထပ်/ အောက်ထပ်များ စစ်ဆေးရမည်။

၁၀။ ဝန်ထမ်းများအဝင်/အထွက်၊ ဧည့်သည်များ အဝင်/အထွက် များအား စစ်ဆေးရမည်။

လိုအပ်သောအရည်အချင်းများ

- **အခြေခံပညာအလယ်တန်းအဆင့်တက်ရောက်ဖူးသူဖြစ်ရမည်။**
- အနည်းဆုံးလုပ်သက်(၁)နှစ်အထက်ရှိရမည်။
- လူမှုဆက်ဆံရေးကောင်းမွန်ရမည်။
- ကျန်းမာသန်စွမ်းပြီး သွက်လက်နိုးကြားရမည်။
- နေ့ရောညပါတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- မြန်မာဘာသာစကားကောင်းမွန်စွာရေး/ဖတ်နိုင်ရမည်။

- ကြက်ခြေနီအခြေခံမူ (၇) ချက်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မဟာဗျူဟာနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။
- ကြက်ခြေနီနှင့် လခြမ်းနီအခြေခံမူများကို နားလည်လက်ခံပြီး တက်ကြွစွာမြှင့်တင်လိုစိတ်ရှိသူဖြစ်ရမည်။
- ကြက်ခြေနီနှင့်လခြမ်းနီလူမှုကရုဏာလှုပ်ရှားမှုများတွင် အတွေ့အကြုံရှိပြီး နေပြည်တော်တွင် တာဝန်ထမ်းဆောင်နိုင်သူအား ဦးစားပေးမည်။
- အထက်ပါအရည်အချင်းနှင့်ပြည့်စုံသော ကြက်ခြေနီစေတနာလုပ်အားရှင်များ လျှောက်ထားပါက ဦးစားပေးမည်။
- လျှောက်ထားသူများအနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဝန်ထမ်းစည်းမျဉ်း၊ အသင်း၏ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်း (Code of Conduct)၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုကျင့်ခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးမူဝါဒ (PSEA Policy)၊ ကလေးသူငယ် ကာကွယ်ပေးရေးဆိုင်ရာမူဝါဒ အပါအဝင် ၎င်း၏ စံချိန်စံညွှန်းများ (Child Safeguarding Standards)၊ လိမ်လည်မှုနှင့် အကျင့်ပျက်လာဘ်စားခြင်းအား တားဆီးကာကွယ်ခြင်းဆိုင်ရာမူဝါဒ (Anti-Fraud and Anti-Corruption Measures)၊ အခွင့်အလမ်း တန်းတူညီမျှမှုဆိုင်ရာ စည်းမျဉ်းများ (Equal Opportunity Principles)နှင့် အခြားသော လုံးဝ ခွင့်မလွှတ်ပေးနိုင်သည့် (Zero-Tolerance) မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအား အပြည့်အဝ လေးစားလိုက်နာရန် လိုအပ်ပါသည်။

“ကျွန်ုပ်တို့အဖွဲ့အစည်းသည် မတူကွဲပြားမှု (Diversity) နှင့် ကျား/မ တန်းတူညီမျှမှု (Gender Equality) တို့ကို တိုးတက်မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မတူကွဲပြားသော နောက်ခံအခြေအနေ အတွေ့အကြုံရှိသူများကို လျှောက်ထားရန် အားပေးတိုက်တွန်းပါသည်။”

*****စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ လိုအပ်သောအထောက်အထား မိတ္တူ/ PDF Version ဖြင့် ပြည့်စုံစွာပေးပို့လျှောက်ထားမှသာလျှင် ထည့်သွင်းစဉ်းစားမည် ဖြစ်ပါသည်-**

မြန်မာနိုင်ငံကြက်ခြေနီအသင်း
ရုံးချုပ်
ရာဇသင်္ဘာလမ်းမကြီး၊ ဒဂ္ဂီဏာသီရိမြို့၊
နေပြည်တော်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း
ရုံးခွဲ
အမှတ်(၄၂)၊ ကမ်းနားလမ်း၊ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်။

(သို့မဟုတ်) mrcshrrecruitment@redcross.org.mm သို့ လိပ်မူကာ ပေးပို့ရမည်။

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"

Humanity, Impartiality, Neutrality, Independence, Voluntary Service, Unity and Universality

အသေးစိတ်အချက်အလက်များအား www. redcross.org.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

လူတွေ့စစ်မေးခြင်းရွေးချယ်ခံရသူကိုသာ အကြောင်းကြားမည်ဖြစ်ပါသည်။